Father's Day Special

*Volume 4 / Issue 6 / June / 2011*

*Enjoy free reading from B.C.F*

# † Newsletter - သတင်းလွှာ

## မြန်မာခရစ်ယာန်မိတ်သဟာယအသင်းတော်

(အသင်းတော်တွင်းကန့်သတ်ထုတ်ဝေသည်)

# "ဖခင်များနေ့"

ယခုအခါတွင်... ဖခင်အများ၏ စံတင်လောက်သော အရည်အသွေးတို့ကို လေးစားဖေါ်ကျူးလျက် "ဖခင်များနေ့"ကို ကမ္ဘာလုံးဆိုင်ရာ အသိအမှတ်ပြု လက်ခံ၍ ကျယ်ကျယ်ပျံ့ပျံ့ ကျင်းပလာကြသည်။

သားသမီးတို့သည် ဖခင်အများကို ကြောက်ရွံ့ ရိုသေ လေးစား ရသဖြင့် မိမိတို့၏ ဖခင်အား ကျေးဇူးတင်ကြောင်း ထုတ်ဖေါ်မပြောဝံ့သူများအတွက် "ဖခင်များနေ့"သည် သင့်အတွက် အခွင့်အရေးကောင်းတစ်ရပ်ပင်ဖြစ်သည်။ ဤသတင်းကောင်းကို ကြားရသည်နှင့် အမှန်ပင် သင့်နှလုံးသား ရိုက်ခတ်တုန်ခါသွားမည်။ ထိုသို့ဖြစ်လျှင် သင်၏ဖခင်ကို "ဖခင်များနေ့"တွင် ရှင်မြူးကျေနပ်အားရစွာ ကျေးဇူးတင်လျက် ဂုဏ်ပြုရန် သင်ပြင်ဆင်ထားပါ။

"ဖခင်များနေ့"၏နောက်ခံသမိုင်းသည် လူမှုရေးနှင့်အတူ ဘာသာရေးအရလည်း ဆက်နွှယ်လျက်ရှိနေပါသည်။ ယခင်အချိန်က ရိုမင်ကက်သလစ် Roman Catholic ဘာသာဝင်များသည် "ဖခင်များနေ့" နှင့်သက်ဆိုင်၍ သခင်ယေရှုခရစ်တော်ကို မယ်တော်မာရိဝမ်း၌ သန္ဓေတည်သည့်အချိန် မှစ၍ အရွယ်ရောက်သည်တိုင် ပြုစု ကျွေးမွေး သွန်သင်ခဲ့သောဖခင် ယောသပ် Joeseph ကို ဂုဏ်ပြု အောက်မေ့ရာ အထိမ်းအမှတ်အဖြစ်The Saint Joeseph's Day ကို ကျင်းပကြသည်။

John Brvce Dodd ၏ဇနီးဖြစ်သူ Sonora Lovise Smart Dodd သည် မိခင်သေဆုံးပြီးနောက်ပိုင်း သူမတို့မောင်နမတစ်စုအား ဖခင်ဖြစ်သူက အစစအရာရာ ပြုစုပျိုးထောင်ပေးခဲ့ခြင်း၊ သားသမီးများ၏ လိုအပ်ချက်များကို တတ်နိုင်သရွေ့ ကြိုးစားဖြည့်ဆည်းပေးခဲ့ခြင်း၊ မိခင်မရှိတော့သည့်နောက်ပိုင်း ဖခင်က မိခင်တာဝန်ကိုပါ ကြိုးစားလုပ်ကိုင်လာခြင်းကို တွေ့မြင်လာခဲ့ရသည်။

ထို ကြောင့် Mrs. Dodd သည် သူမ၏ရင်တွင်း၌ ဖခင်၏ မေတ္တာစေတနာနှင့် ဖခင်၏တန်ဖိုးကို နားလည်ခံစားလာရပြီး သူမကိုယ်တိုင် "ဖခင်များနေ့" ဖြစ်ပေါ်လာရေးအတွတ် အစွမ်းကုန် ကြိုးစားလုပ်ကိုင်လာသည်။ Mrs. Dodd ၏ဖခင်သည် ဇွန်လတွင် မွေးဖွားသဖြင့် "ဖခင်များနေ့"ကို ဇွန်လတွင် ကျင်းပရခြင်းဖြစ်သည်။ ဖခင်များသည် မိသားစုအတွက် ပင်ပန်းဆင်းရဲခံ၍ ကြိုးစားလုပ်ဆောင်ခြင်းကြောင့် ဂုဏ်ပြုထိုက်သောပုဂ္ဂိုလ်များဖြစ်၍ ၁၉၁၀ခုနှ စ်၊ဇွန်လ၊တတိယပါတ်၊တနင်္ဂနွေနေ့ကို "ဖခင်များနေ့"အဖြစ် သတ်မှတ်ကာ ဝါရှင်တန်ခရိုင်၊ စပိုကိန်းမြို့( Spokane, Washington )တွင် ပထမဆုံး ကျင်းပ ပြုလုပ်ခဲ့သည်။ William Jennings Bryan ခွင့်ပြုချက်ပေး၍ "ဖခင်များနေ့"ကျင်းပစဉ် လူပေါင်းများစွာ ပါဝင်ဆင်နွှဲကြသည်။ နောက်(၈)နှစ်ကြာသော် Calvin Coolidge လက်မှတ်ရေးထိုး ၍"ဖခင်များနေ့"ကို နိုင်ငံတော် အားလပ်ရက် အဖြစ်ပြုခဲ့သည်။ ၁၉၂၆ တွင် "ဖခင်များနေ့"တရားဝင် ကော်မတီကို နယူးယောက်မြို့ New York တွင် ဖွဲ့စည်းခဲ့သည်။ ၁၉၆၆ တွင် Lyndon Johnson သည် "ဖခင်များ နေ့" ကို တရားဝင် ပြဋ္ဌာန်းလိုက်၏။ ထိုနောက် ၁၉၇၂တွင် အမေရိကန်ပြည်ထောင်စုတွင်သမ္မတကြီး ရစ်ချက်နစ်ဆန် President Richard Nixon သည် ဇွန်လ၊ တတိယပါတ်၊ တနင်္ဂနွေနေ့ကို "ဖခင်များနေ့" အဖြစ် သတ်မှတ်အတည်ပြုပြီး နှစ်စဉ်ကျင်းပလာခဲ့ပါသည်။

ထိုအချိန်မှစ၍ ယနေ့တိုင် ဖခင်များတို့၏ မြင့်မြတ်သော စိတ်ထားနှင့် သူတို့၏ အစေခံသော စိတ်ဓါတ်များကို ဂုဏ်ပြုကျင်းပကာ "ဖခင်များနေ့"ကို ရှုဒေါင့်အမျိုးမှ ပုံစံအမျိုးမျိုးဖြင့် ကျင်းပကြပါသည်။

---

# အဖေနှင့်သားသမီး

အဖေ့သည်းခြေ ... မြေရင်မှာ ... ကျေနပ်ပီတိ ...သားသမီးအပေါ် ...ကြင်နာစိတ်နဲ့ ...သူမည်းခဲ့။

အဖေ့ပုံသွင် ... ပီပြင်လူချော ... နှလုံးကောင်းနှင့် ... သားသမီးအပေါ် ...ယုယပိုက်ထွေး ...သူချော့မြှူခဲ့။

အဖေ့နှုတ်ခမ်း ... လောကွပ်ပျူငှါ ... မရှိသော်ငြား ... သားသမီးအပေါ် ... လိုအင်ဆန္ဒ ... သူဖြည့်စီးခဲ့။

အဖေ့သဏ္ဍာန် ... ဟန်ပြင်ဒေါသ ... မာန်ရိပ်ဆင်လည်း ... သားသမီးအပေါ် ... ရင်မှာနာစေ ... သူမရှိခဲ့။

အဖေ့မျက်နှာ ...လေသံပြင်းပြင်း...မျက်ထားတင်းလည်း...သားသမီးအပေါ်... မေတ္တာစိတ်နဲ့ ...သူချစ်ပြခဲ့။

အဖေ့လက်များ ... စွမ်းအင်ကုန်ခမ်း ... ရှာဖွေရလည်း ...သားသမီးအပေါ် ... ဆပွားတိုးလို့... သူမန္တမ်းခဲ့။

အဖေ့ခြေလှမ်း ... ရှေ့သို့ချီရန် ... လမ်းမှန်ပြ၍ ... သားသမီးအပေါ် ... ဖေးမတွဲကူ ... သူဦးဆောင်ခဲ့။

အဖေ့ဆုတောင်း ... ထပ်လောင်းခါခါ ... ပြီးပြည့်စုံလည်း ... သားသမီးအပေါ် ... သူဆန္ဒစောခဲ့။

အဖေ့ဝိညာဉ် ... ရှင်လန်းချီးမွမ်း ... ယုံကြည်စိတ်ဖြင့် ... သားသမီးအပေါ် ... သူဆက်ကပ်ခဲ့။

အဖေသတ္တိ ... အားမာန်ဝင့်ခါ ... အန္တရယ်တွေ့လည်း ... သားသမီးအပေါ် ... သူခိုင်ခံစေခဲ့။

အဖေ့ကျေးဇူး ... မသိကျိုးနွံ ... ရှိခဲ့ပါလည်း ...သားသမီးအပေါ် ... သူခွင့်လွှတ်ခဲ့။

**ချစ်သောဖခင်အားဂုဏ်ပြုပါ၏။**

အဖေ့နည်းတူ ... စံနမူယူ ... ထက်ချပ်မကွာ ... ခြေရာနင်းမည့် ... အဖေ့သားများ။

အဖေ့ကျေးဇူး ... ဂုဏ်အထူးကို ... မမေ့ရင်မှာ ... စွဲမြဲနေမည့် ... အဖေ့သမီးများ။

---

# ဖခင်တစ်ဦး၏ ဆုံးမဩဝါဒပေးသည့် စကား



ဖခင်တစ်ဦးသည် မိမိ၏သား ဖြစ်သူအား အသိဉာဏ်တရား ကြွယ်ဝ၍၊ ဘဝ အသက်တာတွင် ရိုးသားဖြောင့်မှန်သူ တစ်ယောက်ဖြစ်ရန်၊ သမ္မာတရားနှင့်အညီ ဆုံးမဩဝါဒပေးသည့် စကားများကို ဖခင်အများနှင့်တကွ သားသမီး မျိုးနွယ်စဉ်ဆက်အပေါင်းတို့ သတိပြု စောင့်ထိန်းရလေအောင်၊ လက်ဆင့်ကမ်းဖော်ပြပါ၏။

- ငါ့သား၊ အဘ၏ နည်းဥပဒေသကို နားထောင်တော့။ အမိ၏ တရားကိုလည်း မပယ်နှင့်။ ထိုနည်းဥပဒေသ တရားတို့သည် သင်၏ ခေါင်း၌ တင့်တယ်သော ဦးရစ်၊သင်၏လည်ပင်း၌ ပတ်ရစ်သော လည်ဆွဲဖြစ်ကြလိမ့်မည်။

- ငါ့သား၊သင်အသက်ရှင်သမျှ ကာလပတ်လုံး ထာဝရဘုရားသခင်ကိုသာ ဝတ်ပြုကိုးကွယ်လော့။ စိတ်ဝိညာဉ်၌ အစဉ် အောက်မေ့သတိရလော့။ ထာဝရဘုရားကို စိတ်နှလုံးအကြွင်းမဲ့ ကိုးစားလော့။ ကိုယ်ဉာဏ်ကို မမှီမပြုနှင့်။

- ငါ့သား၊ မိဘကို ရိုသေစွာ ပြုလော့။ သင်သည် ပြည်တော်၌ ကောင်းစား၍၊ အသက်တာရှည်မည်အကြောင်း ဟူ၍ ဂတိတော်နှင့် ဆိုင်သော ပညတ်ဖြစ်၏။

- ငါ့သား၊ သင်၏ မိခင်ကို စောင့်ရှောက်လော့။ သင်၏ မိခင် အသက်ရှင် သမျှ ကာလ ပတ်လုံး ရိုသေသမှုပြုလော့။ သူမအား စိတ်ကျေနပ်အောင် ပြုလော့။ မည်သည့် နည်းနှင့်မျှ စိတ်မဆင်းရဲပါစေနှင့်။ ငါ့သား၊ သင်သည် အမိဝမ်းတွင်း၌ရှိစဉ်၊ သူမသည် အစားဆင်းရဲ၊ အအိပ်ဆင်းရဲနှင့် အနေဆင်းရဲခြင်းဒုက္ခအမျိုးမျိုး သာမက နာကျင်ခြင်း ဝေဒနာ ခံရခြင်းကို သတိရလျက်၊ သင့်ကို လူလား မြောက်အောင် ပြုစုစောင့်ရှောက်ခဲ့သော မိခင်၏ကျေးဇူးကို မမေ့နှင့်။

- ငါ့သား၊ သင်၏ ရရှိပိုင်ဆိုင်သမျှသည် ဘုရားရှင်ချပေး၍၊ ဆယ်ဘို့တစ်ဘို့ကို ဘုရားသခင်အား လှူဒါန်းလော့။ သို့မှ ဘုရားသခင် ရှေ့တော်၌ အဘိုးထိုက်လှသော ပူဇော်သက္ကာ ဖြစ်လိမ့်မည်။

- ငါ့သား ... သင်သည် ပေးကမ်း စွန့်ကြဲရန် မကြောက်ရွံ့နှင့်။ ပေးကမ်းစွန့်ကြဲ သောအခါ နှမြောတွန့်တို ခြင်းမရှိနှင့်။ ထို့အတူ၊ မော်ကြွားသော စိတ်လည်း မရှိနှင့်။ ဆင်းရဲသူ တို့ကို မျက်နှာမလွှဲနှင့်။ စွန့်ကြဲပေးကမ်းလော့။ ပေးကမ်းစွန့်ကြဲခြင်းသည် ဥစ္စာ တိုးပွားတတ်၍၊ ကြွယ်ဝလိမ့်မည်။

- မိဘမရှိသောသူ၊ မုဆိုးမ၊ တကျွန်းတနိုင်ငံသား၊ ဆင်းရဲသားကို မညှဉ်းဆဲကြနှင့်။ တစ်ယောက်ကိုတစ်ယောက် မကောင်းသောအကြံကို မကြံကြနှင့်။

- ငါ့သား ... သင်သည် ဘုရားသခင်၏ ပညတ်တော်များကို မချိုးဖေါက် လေနှင့်။သင်၏တစ်သက်တာလုံး ဖြောင့်မှန်ရာကိုကျင့်လော့။ မကောင်းမှုနှင့်ဒုစရိုက်ပြုရန် မကြံစည်နှင့်။ ထိုလမ်းများကို ရှောင်ကြဉ်လော့။ အကြောင်းမူကား၊ ဖြောင့်မှန်စွာ ကျင့်လျှင် အောင်မြင်ခြင်းကို ရလိမ့်မည်။

- ပျော်ပါးသောက်စား ဖြုန်းတီးခြင်းသည် ဝတ်မွတ် ခေါင်းပါးခြင်း၏ အကြောင်းရင်း ဖြစ်သတည်း။ စပျစ်ရည်သည် လူကို လှည့်စားတတ်၍ သစ္စာပျက်၏။ သေရည်သေရက်သည် ရန်ရင်းခတ်ပြုခြင်း အမှုကို ဖြစ်စေတတ်၏။ စပျစ်ရည်ကို မူးယစ်သည့်တိုင်အောင် မသောက်လေနှင့်။ မူးယစ်ခြင်းကို သင်၏ဘဝအပေါ် မဖြစ်စေနှင့်။

- အမျိုးပျက်သော မိန်းမ၏ နှုတ်ခမ်းသည် ပျားလပို့ကဲ့သို့ ယိုတတ်၍၊ သူပြောသောစကားသည် ဆီထက် ချောသော်လည်း၊ အဆုံး၌ကား၊ သူ၏ ခြေတို့သည် သေခြင်းသို့ ဆင်း၍၊ သူသွားရာ လမ်းသည် မရဏာနိုင်ငံသို့ ရောက်တတ်၏။ ထိုသို့သောမိန်းမကို ဝေးစွာရှောင်သွားလော့။

- ငါ့သား၊ ကိလေသာတဏှာ ဖေါက်ပြန်ခြင်းမှ သင့်ကိုယ်ကို ထိန်းသိမ်း ကာကွယ်လော့။ တပါးအမျိုးသား လူမျိုးခြားအမျိုးသမီးကို မထိမ်းမြားလေနှင့်။ သင့်အမျိုးအနွယ်ကို ချစ်လော့။ လူမျိုးခြားအမျိုးသမီးကို ဇနီးအဖြစ် ယူသည့်အထိ သင့်အမျိုးသားချင်းအပေါ် မောက်မော် ထောင်လွှားခြင်း မရှိလေနှင့်။ မောက်မော် ထောင်လွှားခြင်းကြောင့် ပျက်စီးခြင်းနှင့် စိတ်ဝမ်းကွဲပြားခြင်း ဖြစ်ပေါ်တတ်၏။

- ပညာရှိသူထံမှ အကြံဉာဏ်ကို ရှာဖွေရယူလော့။ အကျိုးရှိနိုင်သော မည်သည့် အကြံဉာဏ် မဆို အထင်မမှားနှင့်။ ကိုယ်စိတ်ထင်တိုင်းလည်း မပြုလေနှင့်။ ကြမ်းတမ်းစွာ မပြောဆိုနှင့်။ ငါ့သား၊ သင်လုပ်ဆောင်သမျှတို့၌ သင့်ကိုယ်ကို ကြပ်တည်းစွာ ထိန်းသိမ်း စောင့်ရှောက်လော့။ သင်၏ အကျင့်စရိုက်များကိုလည်း စည်းကမ်းနှင့်သေသပ်စွာ ထိန်းချုပ်လော့။

- ငါ့သား ... သင်၏ ဘုရားသခင် ထာဝရဘုရား၏ ကျေးဇူးတော်ကို အစဉ်ချီးမွမ်းလော့။သွားလေရာရာ၌ ထာဝရဘုရားကိုသာ မျက်မှောက်ပြုလော့။သို့ပြုလျှင် သင်၏ လမ်းခရီးတို့ကို ပဲ့ပြင်တော်မူမည်။ သွားလေရာလမ်းကို ဖြောင့်ဖြူးစေ၍၊ သင်၏ အကြံအစည်နှင့် လုပ်ငန်းအောင်မြင်ခြင်း ပေးသနားတော်မူပါရန် ဆုတောင်းလော့။

- ငါ့သား၊ မည်သူ တစ်စုံတစ်ယောက်မျှ အရာခပ်သိမ်းကို ပိုင်ဆိုင်သည် မဟုတ်။ ထာဝရဘုရား သခင် ကိုယ်တော်သာလျှင်၊ ကောင်းရာဟူသမျှကို ပေးသနားတော်မူပေသည်။

- ငါ့သား၊ သင်ကိုယ်တိုင် မကြိုက်မနှစ်သက်သော အရာကို တပါးသူအား မလုပ်စေနှင့်။

- ငါ့သား၊ မိုက်သောသူသည် အဘ၏သွန်သင်ခြင်းကို မထီမဲ့မြင် ပြုတတ်၏။ ဆုံးမသော စကား ကို နားထောင်သောသူမူကား၊ သမ္မာသတိနှင့် ပြည့်စုံတတ်၏။

ငါ့သား ... ယခုပင် အဘ၏ ဆိုဆုံးမစကားကို စိတ်နှလုံးထဲမှာသွင်း၍၊ အမြဲသတိရှိပါလော့။

ငါ့သား ... အဘ ပေးသောတရားကိုလည်း မမေ့နှင့်။ အကြောင်းမူကား၊ . . .

- ပညတ်တရားသည် အသက်တာ ရှည်သော ကာလနှစ်ပေါင်းများကိုင်၎င်း၊ ငြိမ်ဝပ်ခြင်းကိုင်၎င်း၊ တိုးပွားစေလိမ့်မည်။

- ကရုဏာတရားနှင့် သစ္စာတရားကို သင်နှင့် မကွာစေနှင့်။ ထိုတရားတို့ကို သင်၏ လည်ပင်း၌ ဆွဲထားလော့။ နှလုံးအင်းစာရင်း၌ ရေးသွင်းလော့။ ထိုသို့ပြုလျှင် ဘုရားသခင်ရှေ့၊ လူတို့ရှေ့မှာ မျက်နှာ ရ၍၊ ကျေးဇူးကို ခံရလိမ့်မည်။

- ဖြောင့်မတ်ခြင်းတရားသည်  အသက်ရှင်ခြင်းနှင့် ဆိုင်သကဲ့သို့၊ မျိုးစေ့ကို ကြဲသောသူမူကား၊ မြဲမြံသောအကျိုးကို ခံရလိမ့်မည်။ ဖြောင့်မတ်သောသူ သီးသော အသီးသည် အသက်ပင် အသီးဖြစ်၏။

သို့ဖြစ်၍ ငါ့သားတို့၊ ငါ့စကားကို နားထောင်၍၊ ထိုလမ်းများကို စောင့်ရှောက်သောသူတို့သည် မင်္ဂလာရှိကြ၏။ ငါဆုံးမခြင်းကို မပယ်ကြနှင့်။ နားထောင်၍ ပညာရှိကြလော့။

ရှိသေလေးစား ထိုက်သောဖခင်၏ ဆုံးမဩဝါဒပေးသည့် စကားများကို လိုက်လျှောက်ခြင်းဖြင့်၊ ဘခင်၏ ဂုဏ်ယူဖွယ်ရာ၊ မိခင်၏ ဝမ်းမြောက်ဖွယ်ရာ သား/သမီးများ ဖြစ်ကြကုန်အံ့။ ။

**သားကိုချစ်သောသူမူကား ဆုံးမတတ်၏။**




**ငယ်သောအရွယ်မှစ၍ သုတ္တံ–၂၃း၂၄**

အမှုတော်မြတ်၌၊–
ရီရီအေး

--------------------------------သမ္မာကျမ်းစာတော်မြတ်မှကောက်နုတ်တင်ပြချက်များ--------------------------------

# ဒို့ဖေဖေ

ရေး။  ဝရဒီဇင်ဘာထွေးထွေး

ငယ်စဉ်တောင်ကျေး၊
ခလေးဘဝ၊ အရွယ်ကစ၊
သင်ကြားပြသ၊ အမူအရာ၊
သိက္ခာအကျင့်၊ ရဲရင့်လူတော်၊
အမျှော်အမြင်၊ ဂုဏ်တင်ထူးခြား၊
ပတ္တမြားအရည်အသွေး၊
ဖခင်ပေးမွေ၊ စိန်ရွှေနှင့်ဝယ်မရ၊
အဋ္ဌာရသ၊ သုတဗဟု၊
ဆည်းပူးဆုထူး၊ လက်ဦးဆရာ၊
ပုဗ္ဗစရိယ၊ ဖေဖေအဖ၊
တုနှိုင်းမရ၊
အနန္တကျေးဇူးရှင်၊
အမွှမ်းတင်ချီးမွမ်း၊ အပူးအထွတ်၊
စိန်စီကွပ်သ၊ ရွှေမှုံကြဲကြသာအစဉ်၊
ကျွေးသခင်အနှုတ္တ၊ ဂန္ဓာဝင်ဖခင်၊

ဒို့ဖခင်ဖေဖေ၊
ဒို့ဖေဖေ။

# သိုးထိန်းကောင်း ဖခင်

ကေ – ခေါ်န် နူး

"အဖတို့၊ ကိုယ့်သားသမီးကို စိတ်ဆိုးစေခြင်းငှာ၊ မပြုကြနှင့်။ သခင်ဘုရား၏ အလိုတော်နှင့် အညီ ဆုံးမ သွန်သင်ခြင်းကို ပြုလျက်၊ ကျွေးမွေးကြလော့"။ (ဖေက် ၆ း ၄ ) ဤကျမ်းချက်သည် တမန်တော်ရှင်ပေါလုက၊ ဖေက်မြို့တွင် ရှိသော ယုံကြည်သူ အပေါင်းတို့ကို မှာထားသော စကားဖြစ်သည်။

ဦးစွာ ဖခင်များကို လေးစားဂုဏ်ပြုအပ်ပါသည်။ ယုံကြည်သူများသည် နှစ်စဉ် ဇွန်လ၊ တတိယပတ်၊ တနင်္ဂနွေနေ့ကို ဖခင်များနေ့ အဖြစ် သတ်မှတ်ကာ ဖခင်များကို ဂုဏ်ပြုလေ့ ရှိပါသည် ။

ထိုနေ့တွင်၊ ဖခင်များကို လက်ဆောင်များ ဝေပေးခြင်း ၊ အစားကောင်းများ ကျွေးခြင်း၊ မိသားစု အပြင်ထွက်စားခြင်း၊ ပန်းကုံးစွပ်ပေးခြင်း၊ ခြေဆုတ်လက်နယ်ပေးခြင်း စသည်ဖြင့် အထူးပြုစု ကြပါသည်။ ဤနေ့ တစ်နေ့တည်း ဂုဏ်ပြုခြင်း မဟုတ်ဘဲ ဖခင်၏ စကားကို နာခံဖို့ရန် အကြိမ်ပေါင်း များစွာ ပညတ်ထားသည်ကို သုတ္တံကျမ်း၌ ဖတ်ရှု နိုင်ပါသည် ။

သုတ္တံကျမ်း ၁ း ၈ ၌ " ငါ့သား အဘ၏ နည်းဥပဒေသကို နားထောင်လော့ ။ အမိ၏ တရားကို လည်းမပယ်နှင့် " ဟုပညတ်ထားပါသည်။ သားသမီးများသည် သခင်ဘုရား ဆုချ၍ ပေးသနားတော်မူသော ဆုကျေးဇူး သက်သက်ပင် ဖြစ်ပါသည်။ ထိုသားသမီးများကို ပြုစု စောင့်ရှောက် ကျွေးမွေး သွန်သင်ဘို့ရန်၊ မိဘများကို တာဝန်ပေးထားသည်။ အိမ်ထောင်တွင် ဖခင်များသည် အထူးအရေးကြီးပါသည်။ ငယ်စဉ်ဘဝတွင်၊ လမ်းမှန်ကို လျှောက်သွားနိုင်ရန်၊ သုတ္တံကျမ်း ၂၂ း ၆ တွင် " သူငယ်သွားရာ လမ်းဝ၌ ဆုံးမသွန်သင်လော့ " ဟု ဆိုထားသည်။ တဖန် ၊ ဖခင်သည် သားသမီးတို့၏ လိုအပ်ချက်များကို တာဝန်ယူထောက်ပံ့သင့်ကြောင်း၊ ကောရိန္သုသြ ဝါဒစာ ဒုတိယစောင် ၁၂ း၁၄ တွင် ၊ " သားသမီးတို့သည် မိဘအတွက် ဥစ္စာကို ဆည်းပူးရသည် မဟုတ်၊ မိဘတို့သည် သားသမီးတို့ အတွက် ဆည်းပူးရ၏" ဟု ညွှန်းထားပါသည် ။

တစ်ခါတရံ ဖခင်ဖြစ်သူသည် သားသမီးများကို အာဏာဖြင့် ထိန်းသိမ်း အုပ်ချုပ်သင့်ကြောင်း သတိပေးထားသည်။အချို့သော သားသမီးများသည် နှုတ်ကပတ်တော်ကို မဖတ်၊ ဟောပြော သင်ကြားပေးသော နေရာသို့ မသွားဘဲ၊ လောကီရေးရာထဲ၌သာ ကျင်လည် နေတတ်ကြသည်။ ထိုသို့သော သားသမီးများကို ဖခင်၏ အာဏာဖြင့်၊ ဆုံးမသင့်ကြောင်း၊ တိမောသေသြဝါဒ စာ ၃ း၁၂ တွင် "မိမိ သားသမီးနှင့် အိမ်သူအိမ်သား တို့ကို ကောင်းမွန်စွာ အုပ်ချုပ်သောသူ ဖြစ်ရမည် " ဟု ဖခင် ဖြစ်သူများကို ပညတ်ထားကြောင်း သိနိုင်ပါသည်။ ထိုသို့ အုပ်ချုပ်သည် သာမက၊ တခါတရံ အပြစ်ပေး သင့်တန်လျှင်လည်း၊ အပြစ်ပေး ဆုံးမသင့်ကြောင်း သုတ္တံကျမ်း ၁၃ း၂၄ တွင် " ကြိမ်လုံးကို မသုံးသော သူသည် မိမိသားကို မုန်းရာသို့ ရောက်၏။ သားကို ချစ်သောသူမူကား၊ ငယ်သောအရွယ်မှစ၍ ဆုံးမတတ်၏။" ဟုညွှန်းထားသည်။

ကိစ္စများပြားလှသည့် လောကကြီးတွင် ဝမ်းစားရေး ရှာရသည်က တစ်ဖက် ၊ စီးပွားရေး လုပ်ရသည်က တစ်လမ်း၊ လူမှုရေး လိုက်ရသည်က တမော စသည်ဖြင့်၊ မနားမနေ လှုပ်ရှား နေကြရ၊ ကြိုးစားနေကြရသည့် ဖခင်များသည် သားသမီးများကို သိုးထိန်းကြီး တစ်ဦး အဖြစ် တာဝန်ယူ ရသည်မှာ လွယ်သည့်အရာ မဟုတ်ပေ ။

## " ယောကျ်ားတိုင်းသည် ဖခင် ဖြစ်နိုင်သလို၊ ဖခင်တိုင်းသည် ဖခင်ကောင်း မဖြစ်နိုင် ပါ "

ယုံကြည်သူဖခင်များကို သိုးထိန်းကောင်းနှင့် နှိုင်းထားရခြင်းမှာ၊ သိုးတို့၏သဘာဝသည် အဝေးမှုန်သတ္တဝါ ဖြစ်သည့်အလျောက်၊ စားကျက်တည့်တည့်မှ အစာကိုသာမြင်သည်။ ဘေးတွင်မည်မျှကောင်းသောအစာရှိသော်လည်း မမြင်နိုင်သလို၊ တောင်စောင်း၊ ချောက်ကြီးတွေ့ရှိသော်လည်း မမြင်တတ်ကြပေ။ အနံ့ခံ၍သော်လည်ကောင်း၊ အသံပြုခေါ်မှသော်လည်ကောင်း၊သိုးထိန်းနောက်သို့ လိုက်လေ့ရှိတတ်သည်။ သို့ကြောင့်၊သိုးထိန်းသည် အနောက်မှ ထိန်းလေ့မရှိ၊ အရှေ့မှ ဦးဆောင်ပြီး ထိန်းလေ့ရှိသည်။ ရေကြည်ရာ မြက်နုရာသို့ သိုးထိန်းက ပို့ဆောင်ပေးသည်။ ရန်သူနှင့် တွေ့လျှင်၊ သိုးထိန်းက ဦးဆုံး ရင်ဆိုင်ပေးရသည်။ သို့ကြောင့်၊ သိုးထိန်းနောက်သို့ လိုက်ရခြင်းသည် စိတ်ချလုံခြုံမှုကို ရရှိစေသည်။

" ကောင်းသော သိုးထိန်းသည် သိုးတို့ အဖို့အလိုငှာ မိမိ အသက်ကို စွန့်လွှတ် တတ်၏ " ရှင်ယောဟန် ခရစ်ဝင် ၁၀ း၁၁ – ၁၃၊ ဤကျမ်းချက်ကို ကြည့်ခြင်းအားဖြင့်၊ ဖခင်များသည် သားသမီးများ အတွက် လုံခြုံမှုကို ပေးသည့် ရဲတိုက်သဖွယ် ဖြစ်သည်။

ဖခင်များ၏ မေတ္တာသည် နက်ရှိုင်း လှပေသည်။ သာယာသော အိမ်ထောင် တည်ဆောက်နိုင်ရန်၊ သားသမီးများကို ငယ်ရွယ်စဉ်မှ စ၍ နှုတ်ကပတ်တော်ကို သွန်သင်ပေးရန်နှင့် ဖခင်များ ကိုယ်တိုင်လည်း၊ သင်းကျစ် ကဲ့သို့ ချည်ထားရန်၊ တရားဟောရာကျမ်း ၆ း ၆ – ၉ တွင် အတိအလင်း ညွှန်းထားပါသည်။ တဖန် ဖခင်များသည် လမ်းပြ ပွဲကိုင်ရှင်များ ဖြစ်သည်။ ဖခင်များ၏ စေတနာ မေတ္တာနှင့် လမ်းညွှန်ပြသမှုသည် သားသမီးများ အတွက်၊ အထူး လိုအပ်ဆုံးသော အရာ ဖြစ်ပေသည်။ သားသမီးများ၏ အားနည်းချက်များကို ရှာဖွေ၍ လမ်းပြ ပို့ဆောင်ခြင်းဖြင့် အောင်မြင်မှုကို ရရှိစေသလို၊ အားသာချက်များကိုလည်း အားပေးခြင်းဖြင့် အောင်မြင်မှု ပေးနိုင်ပါသည်။

အချို့သော ဖခင်များသည် မိမိအိမ်သူ/သားများနှင့် မိတ်သဟာယဖွဲ့မှု မရှိ ။ သားသမီးများကို လမ်းပြသွန်သင်ခြင်းမရှိသည့် အပြင်၊ အကျင့်စာရိတ္တ ပျက်ပြားလျှက်၊ ဖရိုဖရဲ ဖြစ်ရသော အိမ်ထောင်များလည်းရှိသည်။ ထိုသို့သောဖခင်များကို တိမောသေသြဝါဒစာပထမစောင် ၅ း ၈ တွင်" မိမိအိမ်သူ/သားများကို မပြုစုသော သူမည်သည်ကား ယုံကြည်ခြင်းတရားကို ငြင်းပယ်၏။ မယုံကြည်ဘူးသော သူထက်သာ၍ ယုတ်မာ၏ " ဟု ဆိုထားသောကြောင့်၊ သိုးထိန်းကောင်း တစ်ဦး ပီသစေရန် သိုးများကို ရေကြည်ရာ၊ မြက်နုရာသို့ ခေါ်ဆောင်သွားရသည့်နည်းတူ၊ သားသမီးတို့၏ လိုအပ်ချက်များကို တာဝန်ယူထောက်ပံ့သင့်သည့်အပြင် ၊ ပံ့သက်သေကောင်းကိုလည်း ပြသနိုင်သူများ ဖြစ်သင့်ပေသည်။

သို့ကြောင့် တမန်တော် ရှင်ပေါလု ပြောထားသည့် "သခင်ဘုရား၏ အလိုတော်နှင့်အညီ ဆုံးမသွန်သင်လမ်းပြမှုကို ပေးနိုင်သည့် သိုးထိန်းကောင်းနှင့်တူသော ဖခင်များဖြစ်ရန်၊ ဆုတောင်းခြင်း အားဖြင့် ခွန်အားယူကြပါစို့ဟု ယုံကြည်သူ ဖခင်များအား ဂုဏ်ပြုရင်း ဖခင်လောင်းများကိုလည်း အားသစ်လောင်း အပ်ပါသည်။ ။